# စက်မှုဝန်ကြီးဌာန
# စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလိုင်စင် ထုတ်ပေးမှုအစီအစဉ်



# စက်မှုဝန်ကြီးဌာန

## စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းအတွက် လုပ်ဆောင်ရမည့်အစီအစဉ်များ

**အဆင့် (၁)**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းများဖြစ်သည့် စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ခေတ်မီနည်းပညာကိုအသုံးပြု၍ စံသတ်မှတ်ချက်များနှင့်အညီ စွန့်ပစ်ပစ္စည်း၏ အာနိသင်ကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း၊ ပြန်လည်ရယူခြင်း၊ ပြုပြင်သန့်စင်ခြင်း၊ စနစ်တကျမြေဖို့စွန့်ပစ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းကိစ္စရပ်များကို ဆောင်ရွက်နေသူများသည် လုပ်ငန်းလိုင်စင်ကို လျှောက်ထားရန် လိုအပ်ပါသည်။

စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလိုင်စင် လျှောက်ထားလိုသူသည် စက်မှုဝန်ကြီးဌာနရှိ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ **“ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာအမိန့်”** ပါ စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလိုင်စင် လျှောက်လွှာပုံစံ(၁-ခ) နှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများဖြင့် ပူးတွဲတင်ပြရပါမည်-

(က) လုပ်ငန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ မိတ္တူတစ်စုံ၊

(ခ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် အတွေ့အကြုံများအတွက် အထောက်အထား မိတ္တူများ ၊

(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်၊

(ဃ) အထွေထွေနစ်နာဆုံးရှုံးမှုအတွက်ပေးလျော်ရန် အာမခံထားရှိမှု အထောက်အထား မိတ္တူ၊

(င) စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ထောက်ခံချက်၊

(စ) သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက် သို့မဟုတ် မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (Fire Safety Certificate – FSC)။

**အဆင့်(၂)**

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အပိုဒ်(၆)အရ လိုင်စင်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်လွှာပုံစံ(၁-ခ)ပါအချက်များအား ပြည့်စုံမှန်ကန်စွာဖော်ပြထားခြင်း ရှိ/မရှိနှင့် ပူးတွဲတင်ပြမည့် စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရမည်။ တင်ပြချက်တွင် သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း သို့မဟုတ် အခြားအချက်အလက်များလိုအပ်ပါက လျှောက်ထားသူအား အကြောင်းကြား ဆောင်ရွက်မည်ဖြစ်ပါသည်။ အချက်အလက်ပြည့်စုံပါက လုပ်ငန်းအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များထံသို့ အကြောင်းကြားဆောင်ရွက်မည် ဖြစ်ပါသည်။

**အဆင့်(၃)**

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် လိုင်စင်ထုတ်ပေးရန် ထောက်ခံပါက လျှောက်ထားသူသည် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် **(MD-012564)** သို့ လိုင်စင်ခ ပေးသွင်းရပါမည်။

**လိုင်စင်ခ**

| စဉ် | လုပ်ငန်းအရေအတွက် | နှုန်း(ကျပ်) | သက်တမ်း |
|---|---|---|---|
| (က) | ၁ ခု | ၁၅၀,၀၀၀ | ၂ နှစ် |

**အဆင့်(၃-က)(လိုင်စင်သက်တမ်းတိုးခြင်း)**

လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ပြီး ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပါက လျှောက်ထားသူသည် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် **(MD-012564)** သို့ လိုင်စင်သက်တမ်းတိုးမြှင့်ခ ပေးသွင်းရပါမည်။

**လိုင်စင်သက်တမ်းတိုးမြှင့်ခ**

| စဉ် | လုပ်ငန်းအရေအတွက် | နှုန်း(ကျပ်) | သက်တမ်း |
|---|---|---|---|
| (က) | ၁ ခု | ၁၀၀,၀၀၀ | ၂ နှစ် |

**အဆင့်(၄)**

လျှောက်ထားသူကိုယ်တိုင် လိုင်စင်ထုတ်ယူပါက မှတ်ပုံတင်မူရင်း၊ မိတ္တူတစ်စုံနှင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ၊ မှတ်ပုံတင်မူရင်း၊ မိတ္တူတစ်စုံနှင့်သော်လည်းကောင်း ပူးတွဲယူဆောင်လာရပါမည်။

မှတ်ချက်။ လိုင်စင်သက်တမ်းသည် (၂) နှစ်သာဖြစ်ပါသည်။

**<u>ဆက်သွယ်ရန်လိပ်စာ</u>**

**စာချုပ်စာတမ်းများစိစစ်ရေးဌာန၊**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊**

**စက်မှုဝန်ကြီးဌာန၊**

**ရုံးအမှတ်(၃၀)၊ နေပြည်တော်။**